# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# ဒသမနေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
## (၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၂၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၆.၆၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးကို မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးစိုးဝင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့မှာ အစည်းအဝေးမတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူများရဲ့ အမည်စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ကျွန်တော် ဦးစိုးဝင်းက တင်ပြပန်ကြားသွားမှာဖြစ်ပါတယ်။ ဒီနေ့ အစည်းအဝေးမတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူများမှာ-

(၁) လှိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၅ ရက်၊

(၂) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး ခွင့် ၅ ရက်၊

(၃) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၄) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၂ ရက်၊

(၅) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၁၂ ရက်၊

(၆) ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင် ခွင့် ၁ ရက်၊

(၇) မှော်ဘီမဲဆန္ဒနယ်မှ ဦးကြည်မြင့် ခွင့် ၁ ရက်၊
(၈) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၅ ရက်၊
(၉) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ခွင့် ၄ ရက်၊
(၁၀) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၂ ရက်၊
(၁၁) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၁၂ ရက်၊
(၁၂) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၅ ရက်၊
(၁၃) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၅ ရက်၊
(၁၄) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၅ ရက်၊
(၁၅) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ခွင့် ၁ ရက်၊
(၁၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနှင်းစိုး ခွင့် ၅ ရက်၊
(၁၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းမောင် ခွင့် ၅ ရက်၊
(၁၈) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၅ ရက်၊
(၁၉) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွင့်မိုခေါင်လွင် ခွင့် ၅ ရက်၊
(၂၀) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၁ ရက်၊
(၂၁) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၂၇ ရက်၊
(၂၂) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊
(၂၃) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၅ ရက်၊
(၂၄) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၅ ရက်၊
(၂၅) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၅ ရက်၊
(၂၆) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၁၉ ရက်၊
(၂၇) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၂ ရက်၊
(၂၈) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၅ ရက်၊
(၂၉) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်း ခွင့် ၁ ရက်၊
(၃၀) ကျွန်းလှမဲဆန္ဒနယ်မှ ဦးကျော်ညွန့် ခွင့် ၃ ရက်၊
(၃၁) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၅ ရက်၊
(၃၂) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၂ ရက်၊
(၃၃) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် ခွင့် ၅ ရက်၊

မူကြမ်း

(၃၄) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၅ ရက်၊

(၃၅) ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် ခွင့် ၂ ရက်၊

(၃၆) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၂၇ ရက်၊

(၃၇) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၁ ရက်၊

(၃၈) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၅ ရက်၊

(၃၉) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၁ ရက်၊

(၄၀) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် ခွင့် ၅ ရက်၊

(၄၁) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၅ ရက်၊

(၄၂) ဒီမောဆိုမဲဆန္ဒနယ်မှ ဦးစိုးရယ် ခွင့် ၂ ရက်၊

(၄၃) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၁ ရက်၊

(၄၄) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၂ ရက်၊

(၄၅) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၅ ရက်၊

(၄၆) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၅ ရက်၊

(၄၇) သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင် ခွင့် ၅ ရက်၊

(၄၈) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၅ ရက်၊

(၄၉) ပင်းတယမဲဆန္ဒနယ် ဦးဝင်းကြည် ခွင့် ၅ ရက်၊

(၅၀) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့် ခွင့် ၂ ရက်၊

(၅၁) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း ခွင့် ၁ ရက်၊

(၅၂) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၅၃) မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၅ ရက်၊

(၅၄) ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦး ခွင့် ၃ ရက်၊

(၅၅) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၅ ရက်၊

(၅၆) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ခွင့် ၁ ရက်၊

(၅၇) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၅ ရက်၊

(၅၈) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း ခွင့် ၃ ရက်၊

(၅၉) သရက်မဲဆန္ဒနယ်မှ ဦးဝင်ကျော် ခွင့် ၅ ရက်၊

(၆၀) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၂ ရက်၊

မူကြမ်း

(၆၁) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၂ ရက်၊

(၆၂) မြို့သစ်မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၆၃) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး ခွင့် ၅ ရက်၊

(၆၄) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၂ ရက်၊

(၆၅) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၂ ရက်၊

(၆၆) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၅ ရက်၊

(၆၇) ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း ခွင့် ၁ ရက်၊

(၆၈) ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် ခွင့် ၁ ရက်၊

(၆၉) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်(ခ)ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၇၀) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၃ ရက်၊

(၇၁) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၅ ရက်၊

(၇၂) ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၂ ရက်၊

(၇၃) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်၊

(၇၄) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်၊

(၇၅) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၅ ရက်၊

(၇၆) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၁ ရက်၊

(၇၇) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၅ ရက်၊

(၇၈) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခွင့် ၂ ရက်၊

(၇၉) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူ ခွင့် ၁ ရက်၊

(၈၀) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၅ ရက်၊

(၈၁) အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့် ခွင့် ၁ ရက်၊

(၈၂) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးမောင်ပါ ခွင့် ၂ ရက်၊

(၈၃) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၃ ရက်၊

(၈၄) ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း ခွင့် ၁ ရက်၊

(၈၅) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၃ ရက်၊

(၈၆) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် ခွင့် ၅ ရက်၊

(၈၇) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် ခွင့် ၂၇ ရက်၊

**မူကြမ်း**

(၈၈) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၅ ရက်နှင့်

(၈၉) တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းဝင်း(ခ)ဦးထွန်းဆာ ခွင့် ၅ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၈၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၉၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကိုအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရသေ့တောင်မြို့နယ်၊ စေတီပြင်ကျေးရွာရှိ လယ်သမားများထံမှ (န.စ.က)တပ်စခန်းက သိမ်းယူထားသောမြေများအနက် တပ်ခြံစည်းရိုးပြင်ပရှိ ပိုလျှံသည့်လယ်မြေများအား ပြန်လည်ပေးအပ်ရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

ဥက္ကဋ္ဌ။ ။ ဦးစွာ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ရှိသေလေးစားရပါတဲ့ ဥက္ကဋ္ဌကြီးရှင့်။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာမှာရှိတဲ့ ဦးမောင်လှစိန်ပါ လယ်သမားငါးဦးတို့ပိုင်ဆိုင်တဲ့ လယ်မြေ ၂၅ ဧကအား (န.စ.က)စခန်း အမှတ်(၂၂)က ၁၉၉၇ ခုနှစ် ကပင် တပ်အဆောက်အဦဆောက်လုပ်ရန် သိမ်းယူထားရှိခဲ့ပါတယ်။ သိမ်းယူခဲ့တဲ့မြေဧရိယာအချို့ တစ်ဝက်ကို အဆောက်အဦဆောက်ပြီးတော့ ခြံစည်းရိုးကာတာတွေ ပြုလုပ်ခဲ့ပါတယ်။ ကျန်ခြံစည်းရိုး အပြင်ဘက် လယ်မြေများကို လယ်သမားများသို့ သီးစားချထားပေးခဲ့ပါတယ်။ လယ်သမားများ၏ တင်ပြတိုင်တန်းချက်အရ ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှု စုံစမ်းရေးကော်မရှင်အဖွဲ့ခွဲ(၈)မှ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်မှ ၂၇ ရက်နေ့အထိ တိုင်ကြားသူလယ်သမားများနှင့် တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းစစ်ဆေးခဲ့ရာ ကော်မရှင်အစီရင်ခံစာမှာ တပ်ပိုင်အဆောက်အဦများ ဆောက်လုပ်ထားတဲ့လယ်မြေများမှာ ခေတ်ကာလနှင့် လျော်ညီတဲ့လျော်ကြေးငွေများပေးအပ်ခြင်း တစ်စုံတရာမရှိတဲ့အတွက် တပ်မှအသုံးမပြုဘဲ သီးစားချထားတဲ့လယ်မြေများကို မူလပိုင်ရှင်လယ်သမားများသို့ ပြန်လည်ပေးအပ်သင့်ကြောင်း အကြံပြုတင်ပြထားရှိပါတယ်။ အဲ့လို သွားစစ်တာမှာလည်း ကျွန်မကိုယ်တိုင်ပါရှိခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်ကတည်းက (န.စ.က)ကိုလည်း ရုပ်သိမ်းခဲ့ပြီးပြီဖြစ်ပါတယ်။ ယခုအခါ လယ်သမားများက သိမ်းဆည်းခံလယ်ယာမြေများကို ပြန်လည်ရရှိခြင်းမရှိသေးတဲ့အတွက် ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာရှိ လယ်သမားများထံမှ (န.စ.က) တပ်စခန်းက သိမ်းယူထားတဲ့မြေများအနက် တပ်ခြံစည်းရိုးပြင်ပရှိ ပိုလျှံတဲ့မြေများကို ပြန်လည်ပေးအပ်ရန်အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်ကျော်ညွှန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး

ဗိုလ်ချုပ်ကျော်ညွန့် ဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ကြီးရဲ့ကိုယ်စား ရခိုင်ပြည်နယ်၊ ရသေ့တောင် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့ မေးမြန်းချက်ကို ပြန်လည်ဖြေကြား သွားမှာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ မေးခွန်းပါတဲ့အတိုင်းပါပဲ။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာရှိ လယ်သမားများထံမှ (န.စ.က)တပ်စခန်းမှ သိမ်းထားသည့်မြေများနှင့် တပ်ခြံစည်း ရိုးပြင်ပရှိ ပိုလျှံသည့်လယ်ယာမြေများအား ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်ပတ်သက်လို့ ကျွန်တော်တို့ မေးမြန်းတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ဖြေကြားရမယ်ဆိုရင် ကျွန်တော်တို့ ကာကွယ်ရေးဝန်ကြီးဌာန အောက်မှာ နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်ကနေ တည်ဆောက်တဲ့အချိန်မှာ စခန်း အမှတ်(၂၂) စေတီပြင်တပ်စခန်းတည်ဆောက်ဖို့အတွက်ကတော့ ကျွန်တော်တို့ ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာအုပ်စု ကွင်းအမှတ်(၂၁၅) ကွင်းပြင်ကြီးရှိ မြေဧက ၂၅ ဧကကို လုပ်ထုံးလုပ်နည်း နှင့်အညီ ကျွန်တော်တို့ တပ်ပိုင်မြေသိမ်းဆည်းရေး ဆောင်ရွက်ခဲ့တဲ့နေရာမှာ ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉၉၇ ခုနှစ်၊ ဇွန်လ ၁၇ ရက် ရက်စွဲပါစာအမှတ်၊ ၄/၁၁/အခ-၂ ဖြင့် မြေ ၁၉.၈၀ ဧကကိုလည်း ကောင်း၊ ၂၀၁၀ ခုနှစ်၊ နိုင်ဝင်ဘာလ ၃ ရက်နေ့မှာ စာအမှတ်၊ ၃၀၀၀-၅/၂ ဦး-၁ ဖြင့် မြေ ၅.၂၀ ဧကကို လည်းကောင်း စုစုပေါင်း ကျွန်တော်တို့ ၂၅ ဧက မြေသိမ်းဆည်းယူရရှိပြီးဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့ မေးခွန်းပါမြေနေရာဟာ စခန်းဧရိယာအတွင်း၌ တပ်ပိုင်မြေသိမ်း ဆည်းခဲ့စဉ်ကတည်းက ပါဝင်ခဲ့သောမြေဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့မှာ နယ်စပ် ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်ကို ကျွန်တော်တို့ ဖျက်သိမ်းပြီးတဲ့နောက်မှာ ကျွန်တော်တို့ ကွပ်ကဲမှုဌာနချုပ်အပါအဝင် တပ်စခန်းအမှတ်(၁)ကနေ အမှတ်(၂၆)အထိ တပ်ပိုင်မြေနှင့် အဆောက် အဦများ အားလုံးကို ကျွန်တော်တို့ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်နေ့မှာ ကျွန်တော်တို့ ပြည်ထဲရေး ဝန်ကြီးဌာန လက်အောက်ခံအမှတ်(၁၃) ရဲတပ်ရင်းသို့ အားလုံးလွှဲပြောင်းပေးပြီးဖြစ်ပါတယ်။ ပြည်ထဲ ရေးဝန်ကြီးဌာနအနေဖြင့်လည်း အဆိုပါစခန်းအမှတ်(၂၂)အား အမှတ်(၁၃) လုံခြုံရေးရဲတပ်ရင်းမှ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ(၃)သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး နယ်မြေဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်း ရေးလုပ်ငန်းများကို အခြေပြုဆောင်ရွက်နိုင်ရန်အတွက် အဆောက်အဦများအခိုင်အမာတည်ဆောက် ထားခြင်းနှင့် လုံခြုံရေးအတွက် စီမံထားသောမြေနေရာများဖြစ်နေခြင်းကြောင့် ပိုလျှံမြေမရှိတော့ပါဘဲ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြောကြားရင်းနဲ့ ကျွန်တော့်ရဲ့ ဖြေကြားချက်ကို နိဂုံးချုပ် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)။** ။ တစ်ဆက်တစ်စပ်တည်းမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ပြောထားတာရှိပါတယ်။ ဥပဒေအရ တပ်နဲ့မပတ်သက်တဲ့မြေများကို ပြန်လည်စွန့်လွှတ်ပေးမယ်။ တပ်များမှ သိမ်းထားတဲ့လယ်ယာမြေများကိုသီးစားချထားခြင်းမပြုလုပ်ရပါဘူး။ နောက်တစ်ခါ တပ်အပြင်ဘက်မှာရှိတဲ့မြေများကို ပေးထားမယ်ဆိုပြီးလည်း ပြောထားတာတွေရှိပါတယ်။ ကျွန်မတို့ သွားရောက်စစ်ဆေးတဲ့အခါမှာ ဒီတပ်မှာ အပြင်ဘက်ကိုရောက်နေတာတွေ့ရပါတယ်။ နောက်ပြီးတော့ ဒီသီးစားချတာကလည်း ကျွန်မဆီကို ဖုန်းဆက်ပါတယ်။ အခု အသစ်ရောက်လာတဲ့ နယ်ခြားစောင့်တပ်ရဲက သီးစားချခတောင်းတယ်ဆိုပြီးတော့ ဖုန်းဆက်ပြီး အသိမ်းခံရတဲ့ လယ်သမားတွေ ဖုန်းဆက်လာပါတယ်။ ဒါပေမယ့် ကျွန်မက သီးစားချခွင့်မရှိတဲ့အတွက် လုံးဝမပေးပါနဲ့ဆိုပြီး ပြောထားပါတယ်။ အဲ့ဒီအတွက်ကြောင့် သူတို့ နှစ်နှစ်လောက်ကို ကင်းလွှတ်ခွင့်ရနေပါတယ်။ ဒါကို သူတို့အနေနဲ့ တပ်အပြင်မှာလည်းရတဲ့အတွက် သူတို့ရဲ့မြေကို ပြန်ပြီးလိုချင်နေကြပါတယ်။ အဓိကနစ်နာနေသူများဟာ လယ်သမားများဖြစ်ကြပါတယ်။ အဲ့ဒီအတွက်ကြောင့် ဒီဟာကို ပြန်လည်စိစစ်ပြီးတော့ တကယ့်နစ်နာနေတဲ့လယ်သမားများကို ပြန်လည်ပေးအပ်ဖို့ ထပ်ပြီး သေသေချာချာစုံစမ်းဖို့ အစီအစဉ်ရှိ/မရှိ မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။ ဒေါ်ခင်စောဝေရဲ့ မေးခွန်းလည်း ကောင်းပါတယ်ခင်ဗျာ။ ကျွန်တော်တို့အနေနဲ့ အခုနက ကျွန်တော်တင်ပြသလိုပါပဲ။ ကျွန်တော်တို့ နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုအောက်ရှိ စခန်းအားလုံးဖြစ်တဲ့ အမှတ်(၁)ကနေ (၂၆)အထိ တပ်ပိုင်မြေ ယခင်ကဟာအားလုံးကို ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနကို အားလုံးလွှဲပြောင်းပေးပြီး ဖြစ်ပါတယ်။ နောက်ပိုင်းမေးခွန်းများနှင့်ပတ်သက်လို့ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနကိုပဲ ဆက်လက်ပြီးတော့ ဆောင်ရွက်နိုင်ရန်အတွက် ဒေါ်ခင်စောဝေအနေနဲ့ မေးမြန်းဆောင်ရွက်သွားနိုင်ဖို့ ကျွန်တော့်အနေနဲ့ အကြံပြုဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒါကြောင့်မို့လို့ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြည်ထဲရေးကို လွှဲပေးလိုက်ပြီ။ ပြည်ထဲရေးကိုမေးပေးပါလို့ ပြောပါတယ်။ ဒီနေ့ ဒီမေးခွန်းကိုတော့ ပြည်ထဲရေး ဒုတိယဝန်ကြီးက အခုချက်ချင်း ဖြေချင်မှဖြေနိုင်မှာပါ။ ဒါကြောင့်မို့လို့ အခု ဒေါ်ခင်စောဝေ ဆက်စပ်မေးခွန်းကို ပြည်ထဲရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် မှတ်သားပြီးတဲ့အခါမှာ အမြန်ဆုံးပြန်လည်ပြီးတော့ လွှတ်တော်ထဲမှာ ဖြေရှင်းပေးစေချင်ပါတယ်။ ဘာကြောင့်လဲဆိုတဲ့အခါမှာ မူဝါဒအရ

တာဝန်ရှိတဲ့လူတွေက လိုက်ပါဆောင်ရွက်ရမှာဖြစ်သော်လည်း မူဝါဒနှင့်အညီ မဆောင်ရွက်ပေးနိုင်ခြင်းဟာ တပ်မတော်အပေါ်မှာသော်လည်းကောင်း၊ အစိုးရအပေါ်မှာသော်လည်းကောင်း ပြည်သူများအထင်လွဲမှားနိုင်တဲ့ကိစ္စများ ရှိနေမယ်ဆိုရင် ဒီနေ့ မိမိတို့လိုချင်တဲ့၊ မျှော်မှန်းတဲ့ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအများကြီး အနှောင့်အယှက်ဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ အခု ဒေါ်ခင်စောဝေရဲ့ ပထမမေးခွန်းရော၊ ဒုတိယမေးခွန်းရော ပြည်ထဲရေးဝန်ကြီးဌာနကို တစ်ပါတည်းပေးပို့ပြီးတဲ့အခါမှာ ဆောင်ရွက်ပေးဖို့နဲ့ ပြည်ထဲရေးဝန်ကြီးဌာနကလည်း နောက်ဆုံးအခြေအနေကို ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ဒုတိယဝန်ကြီးသည်လည်း ဗဟိုမြေယာစီမံခန့်ခွဲမှုကော်မတီရဲ့အတွင်းရေးမှူးလည်းဖြစ်တဲ့အတွက် ပိုပြီးတော့ သက်ဆိုင်တဲ့ကိစ္စလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဟိုဘက်တစ်ပတ် လွှတ်တော်ကာလတုန်းက ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် မေးတဲ့ထပ်ဆင့်မေးခွန်းအပေါ်မူတည်ပြီးတော့ ဦးဝင်းမြင့်အနေနဲ့လည်း ဒီမေးခွန်းအပေါ်မှာ ပြန်ပြီးတော့ တိတိကျကျမေးနိုင်အောင် စုံစမ်းပြီးတော့ တင်ပြလာတဲ့စာတွေလည်း ပြည်ထဲရေးဝန်ကြီးဌာနကို လွှတ်တော်ကနေ လွှဲပေးပြီးဖြစ်ပါတယ်။ ဒါလည်း တစ်ပေါင်းတစ်စည်းတည်း ပြန်လည်အသိပေးဖြေကြားနိုင်မှာဖြစ်ပါတယ်။

**အချို့မြို့နယ်များနှင့်ကျေးရွာများတွင် မြို့အမည်၊ ကျေးရွာအမည်များအား ပါတီအမည်တပ်၍ ဆိုင်းဘုတ်တင်ထားခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့မြန်မာနိုင်ငံရဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းမှာရှိတဲ့ အချို့မြို့များနှင့်ကျေးရွာတွေမှာ မြို့အမည်၊ ကျေးရွာအမည်တွေကို ပါတီအမည်တပ်ပြီးတော့ ဆိုင်းဘုတ်များတင်ထားတာကို မြို့အဝင်/အထွက်နှင့် ကားလမ်းမများပေါ်မှာ တွေ့ရှိနေရပါတယ်။ ဒီလိုဆိုင်းဘုတ်တင်တဲ့ကိစ္စနှင့်ပတ်သက်ပြီး မကြာသေးမီကပဲ ကျွန်မတို့စစ်ကိုင်းတိုင်းဒေသကြီးထဲမှာရှိတဲ့ မြို့ကြီးတစ်မြို့မှာ မြို့အဝင်မှာတင်ထားတဲ့ဆိုင်းဘုတ်နဲ့ပတ်သက်ပြီး သဘောမတူတဲ့သူတွေက ကန့်ကွက်ဆန္ဒကျင်ခဲ့ကြတဲ့အတွက်ကြောင့် မြို့အဝင်ကဆိုင်းဘုတ်ကို ပြန်လည်ပြီးတော့ပြောင်းလဲခဲ့ရတာကို ကျွန်မတို့ တွေ့ခဲ့ရပါတယ်။ အချို့ကျေးရွာတွေမှာဆိုရင်လည်း ပြည်သူလူထုအနေနဲ့ ၎င်းတို့ရဲ့ဆန္ဒသဘောထားမပါဘဲ အခုလိုကိုယ့်ရဲ့မြို့၊ ရွာတွေကို ပါတီတစ်ခုရဲ့အမည်နဲ့တွဲပြီး နာမည်တပ်ခံရတဲ့ကိစ္စနှင့်ပတ်သက်ပြီး ကျေနပ်မှုမရှိကြတာ၊ တိုင်ကြားထားကြတာတွေကို ကျွန်မတို့ကြားသိနေရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတော်သမ္မတကြီးအနေနဲ့လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးအနေနဲ့လည်းကောင်း အခါအခွင့်အလျဉ်းသင့်တိုင်း ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲများ ကင်းကင်းရှင်းရှင်းရှိရန်မှာကြားထားတာကို ကျွန်မတို့မှတ်သားထားပါတယ်။ သို့သော်လည်း အခုလိုအစွဲမကင်းတဲ့ဆိုင်းဘုတ်မျိုးတွေကို မြို့တစ်မြို့၊ ရွာတစ်ရွာရဲ့အဝင်/အထွက်မှာ တရားမဝင်စိုက်ထူထားခြင်းအားဖြင့် မြို့နှင့်ကျေးရွာများရဲ့ဂုဏ်သိက္ခာနှင့် မသင့်လျော်တာကို ကျွန်မတို့တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံမှာ မြို့၊ ရွာများရဲ့အမည်တွေကို ပြောင်းလဲသတ်မှတ်ချင်ရင် ကျွန်မတို့ပြည်သူ့လွှတ်တော်တွေမှာ တင်ပြီးတဲ့နောက်မှ လွှတ်တော်များက တရားဝင်ခွင့်ပြုမှသာ မြို့၊ ရွာအမည်တွေကို ပြောင်းလဲခွင့်ရှိတာဖြစ်ပါတယ်။ ဒီလိုတရားဝင်ခွင့်ပြုထားတာမရှိဘဲ မြန်မာနိုင်ငံထဲမှာ တရားဝင်အမည်သတ်မှတ်ပြီးသား ဒီမြို့တွေရဲ့အမည်တွေရဲ့ရှေ့မှာဖြစ်စေ၊ နောက်မှာဖြစ်စေ တရားမဝင်တဲ့အမည်တွေကို ဖြည့်စွက်ခြင်းဟာဥပဒေကိုဖောက်ဖျက်ရာလည်းရောက်ပါတယ်။ ဥပဒေကိုဆန့်ကျင်ရာလည်းရောက်ပါတယ်။ ဒါတွေကိုသိရဲ့သားနဲ့ သက်ဆိုင်ရာတွေက ဘာ့ကြောင့်အခုချိန်ထိ အရေးမယူရသေးတာလဲ။ ဒီလိုဆိုရင် တခြားပါတီတွေကရော ဆိုင်းဘုတ်တွေထပ်တင်ကြမယ်ဆိုရင်ရော ခွင့်ပြုဦးမှာလားလို့ ကျွန်မတို့သိချင်ပါတယ်။

ဒေသတွင်းမှာရှိတဲ့ ပြည်သူလူထုအချင်းချင်း စိတ်ဝမ်းကွဲပြားမှုနှင့်တရားဥပဒေစိုးမိုးရေးကိုပါထိခိုက်မှုတွေဖြစ်စေမှာကို ကျွန်မတို့စိုးရိမ်ပါတယ်။ သက်ဆိုင်ရာအစိုးရနှင့်အုပ်ချုပ်ရေးပိုင်းများဟာ ဘယ်နိုင်ငံရေးပါတီရဲ့ဘက်ကိုမှ ဘက်လိုက်ခြင်းမပြုရပါဘူး။ ကြားနေရမှာဖြစ်ပါတယ်။ အခုလို ဥပဒေကိုချိုးဖောက်ပြီး ဆောင်ရွက်ထားတာတွေကို နှစ်ကာလကြာရှည်အထိခွင့်ပြုထားခြင်းဟာ အုပ်ချုပ်ရေးပိုင်းဆိုင်ရာမှာတာဝန်ရှိတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်အနေနဲ့လည်း ဒီကိစ္စတွေကိုသိရဲ့သားနဲ့ ဘာကြောင့်တားမြစ်မှုမရှိတာလဲ။ မသိချင်ယောင်ဆောင်နေတာလားလို့ ကျွန်မတို့မေးရမလိုဖြစ်နေပါတယ်။ ဒါ့ကြောင့် နိဂုံးချုပ်အားဖြင့် ကျွန်မရဲ့မေးခွန်းမှာပါတဲ့အတိုင်း မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ အချို့မြို့၊ ရွာများနှင့် ကျေးရွာများတွင် ပါတီအမည်တပ်၍ မြို့အမည်၊ ကျေးရွာအမည်များကို ဆိုင်းဘုတ်တင်ထားတာကို တွေ့မြင်နေရပါတယ်။ ၎င်းကိစ္စနှင့်ပတ်သက်၍ ပြည်သူလူထုကြားအထင်အမြင်လွဲမှားမှုများဖြစ်ပေါ်နေပါသဖြင့် ထိုကဲ့သို့ပါတီအမည်တပ်၍ ဆိုင်းဘုတ်တင်ထားခြင်းကို နိုင်ငံတော်အစိုးရမှ တရားဝင်ခွင့်ပြုထားခြင်းရှိ/မရှိ၊ မရှိလျှင် ၎င်းဆိုင်းဘုတ်များအား အမြန်ဆုံးဖြုတ်သိမ်းရန်နှင့် ပြင်ဆင်ရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ရဲ့မေးခွန်းအပေါ် ကျွန်တော် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ ရက်စွဲဖြင့်ထုတ်ပြန်သော တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများပြန်တမ်းစာအုပ်တွင် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး ခုနစ်ခုနှင့် ပြည်နယ်ခုနစ်ခု အပါအဝင်၊ ခရိုင် ၇၀၊ မြို့နယ် ၃၃၀၊ မြို့နယ်ခွဲ ၈၄၊ မြို့ ၃၉၈၊ ရပ်ကွက် ၃၀၆၃၊ ကျေးရွာအုပ်စု ၁၃၆၁၈ နှင့် ကျေးရွာ ၆၄၁၃၄ ဖြင့် မှတ်တမ်းတင်သတ်မှတ်ထားရှိပြီး ဖြစ်ပါတယ်။ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့်ကျေးရွာအချို့ကို ကျေးရွာအုပ်စုတိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းကိစ္စရပ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ နိုင်ငံတော်သမ္မတထံထောက်ခံတင်ပြ၍ ဆောင်ရွက်လျက်ရှိပါတယ်။ နေပြည်တော်ကောင်စီနယ်မြေမှာ ဒက္ခိဏခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ယင်းမာပင်ခရိုင်၊ ရှမ်းပြည်နယ်မှာ မိုးမိတ်ခရိုင်နှင့်မက်မန်းခရိုင်၊ ရခိုင်ပြည်နယ်မှာ မြောက်ဦးခရိုင်တို့ကိုလည်း တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ရှမ်းပြည်နယ်ရှိ ကွမ်းလုံခရိုင်နှင့် မိုင်းဖြတ်ခရိုင်တို့ကိုလည်း ပယ်ဖျက်ခဲ့ပြီးဖြစ်ပါတယ်။

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၃၁/၂၀၁၃)အရ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ်၊ မေလ ၂၂ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၆၁၁/၂၀၁၄)အရ မြို့နယ်ခွဲစကားရပ်အား ပယ်ဖျက်ပြီး မြို့တိုးချဲ့မှုအတွက် ပဲခူးတိုင်းဒေသကြီးတွင် ကိုးမြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် ငါးမြို့၊ မွန်ပြည်နယ်တွင် သုံးမြို့၊ ရခိုင်ပြည်နယ်တွင် နှစ်မြို့ စုစုပေါင်း ၁၉ မြို့၊ ရပ်ကွက် ၉၁ ခုတိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ ထိုကဲ့သို့ မြို့နယ်၊ ရပ်ကွက်များတိုးချဲ့ဖွဲ့စည်းမှုအရ ကျေးရွာအုပ်စု ရှစ်အုပ်စု၊ ကျေးရွာ ၂၃၅ ရွာ ပယ်ဖျက်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့မှာပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်း

အဝေးအမှတ်စဉ်(၁၈/၂၀၁၄)အရ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁၁၀၇/၂၀၁၄)ဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်တွင် ရွှေပြည်သာကျေးရွာအုပ်စုကို နောက်ဆုံးတိုးချဲ့ဖွဲ့စည်းခဲ့တဲ့အတွက် ယခုအခါမှာ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး ခုနစ်ခုနှင့် ပြည်နယ်ခုနစ်ခုအပါအဝင် ခရိုင် ၇၃ ခု၊ မြို့နယ် ၃၃၀၊ မြို့ ၄၁၇ မြို့၊ ရပ်ကွက် ၃၁၅၄ ရွာ၊ ကျေးရွာအုပ်စု ၁၃၆၁၀ နှင့် ကျေးရွာ ၆၃၈၉၉ တို့ကို မှတ်တမ်းတင်သတ်မှတ်ထားရှိပြီးဖြစ်ပါတယ်။ အဆိုပါ တရားဝင်သတ်မှတ်ထားရှိသော တိုင်းဒေသကြီး နှင့်ပြည်နယ်များအလိုက် ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ ပြန်တမ်းစာအုပ် တွင် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ သံဖြူဇရပ်မြို့ရှိ ကြံ့ခိုင်ရေးရပ်ကွက်သည် ယခင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနမှ ၁၉၇၂ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် ရက်စွဲပါစာအမှတ်၊ ၁၀၃/၃၃/စိတ်(၁)ဖြင့် ထုတ်ပြန်သည့်အမိန့်ကြော်ငြာစာအရ သတ်မှတ်ခဲ့သောရပ်ကွက်တစ်ခုဖြစ်ပါတယ်။ အဆိုပါ ကြံ့ခိုင်ရေး ရပ်ကွက်မှလွဲ၍ အခြားတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် ပါတီအမည်နှင့်တူသော ရပ်ကွက်/ကျေးရွာများ သတ်မှတ်ထားခဲ့ခြင်းမရှိပါ။ သို့ရာတွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အချို့သော ရပ်ကွက်/ကျေးရွာများတွင် ယခင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သောကြောင့် မှတ်တမ်းတင်ထားရှိသည့်အနေဖြင့် ပြည်ခိုင်ဖြိုး ဆိုင်းဘုတ်များတပ်ဆင်ထားခဲ့ကြောင်း သိရှိရပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း တွင်ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များအား ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန်ပေါ်ပေါက်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလိုဆောင်ရွက်ပေးရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ ရပ်ကွက်၊ ကျေးရွာ အမည်များအား ပြောင်းလဲပြင်ဆင်လိုပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး ချုပ်က နိုင်ငံတော်သမ္မတထံထောက်ခံတင်ပြရမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတရုံးမှ သဘောထား တောင်းခံလာတဲ့အခါ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီစိစစ်၍ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် နိုင်ငံတော်သမ္မတရုံးသို့ အဆင့်ဆင့်တင်ပြဆောင်ရွက်ရပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့

သဘောတူဆုံးဖြတ်ချက်ရရှိမှသာ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြောင်းလဲပြင်ဆင်သတ်မှတ်ပေးရပါတယ်။ ထို့ကြောင့် ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ဥပဒေနှင့်အညီ အမိန့်ကြော်ငြာစာထုတ်ပြန်ထားရှိသော မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာအမည်များကို တရားဝင်အသိအမှတ်ပြု မှတ်တမ်းတင်ထားရှိပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေနဲ့ အချို့မြို့နယ်များနှင့်ကျေးရွာများမှာ ပါတီအမည်တပ်၍ မြို့အမည်၊ ကျေးရွာအမည်များအား ဆိုင်းဘုတ်တင်ခြင်းကို တရားဝင်ခွင့်ပြုထားခြင်းမရှိပါကြောင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်ထားရှိသော မြို့၊ ရပ်ကွက်၊ ကျေးရွာအမည်များကိုသာ မှတ်တမ်းတင်အသိအမှတ်ပြုထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးရှင်။ အခုဒုတိယဝန်ကြီးဖြေသွားတာက အရင်အသိအမှတ်ပြုထားတဲ့မြို့နယ်တွေရဲ့အကြောင်းတွေကိုပဲ ပြောသွားတာပါ။ ကျွန်မမေးတဲ့မေးခွန်းနဲ့ တခြားစီဖြစ်နေတာပဲဖြစ်ပါတယ်။ ကျွန်မတို့အခုသိချင်တာက ဒီလိုမျိုး တရားဝင်ခွင့်ပြုမထားဘဲနဲ့ ဒီဆိုင်းဘုတ်တွေတင်ထားတာဟာ ကျွန်မတို့ရဲ့တိုင်းပြည်အတွင်းမှာ အတော်လည်းကြာနေပါပြီ။ သို့သော်လည်း ဒါကိုအခုအချိန်ထိ အရေးယူဆောင်ရွက်တာလည်းမရှိပါဘူး။ ဒါနဲ့ပတ်သက်လို့မို့ ဘယ်လိုဆောင်ရွက်မယ်ဆိုတဲ့အကြောင်းအရာကိုလည်း ပြည်သူလူထုကြားမှာ သိသာအောင်လည်း ရှင်းလင်းတင်ပြခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့ ပြည်သူလူထုတွေကြားမှာ ဒီကိစ္စဟာ အမြဲတမ်းအငြင်းပွားစရာတွေဖြစ်နေပြီးတဲ့နောက်မှာ အင်အားကြီးပါတီတစ်ခုရဲ့အနိုင်ကျင့်မှုကို ခံနေရသလိုမျိုး အားလုံးရဲ့စိတ်မှာ ဒီလိုတွေဖြစ်ပေါ်နေပါတယ်။ အဲ့ဒီအတွက်ကြောင့်မို့လို့ အကယ်၍သာ ဒါကို တရားဝင်ခွင့်ပြုထားတာမရှိဘူးဆိုလို့ရှိရင် ဒီဆိုင်းဘုတ်တွေကို ဘယ်လိုလုပ်ပေးမှာလဲဆိုတာကို ဒါ ကျွန်မတို့သဲသဲကွဲကွဲ၊ ကွဲကွဲပြားပြား ပြည်သူ့လွှတ်တော်ကနေတစ်ဆင့် ပြည်သူလူထုသိအောင် ပြောကြားသင့်တယ်လို့ ကျွန်မအနေနဲ့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့်တောင်းဆိုပါတယ်ရှင်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ကတော့ ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားတဲ့ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာ၊ ကျေးရွာအုပ်စု ကျေးရွာအမည်များကိုသာ ကျွန်တော်တို့ အတည်ပြုသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားပြီးလည်းဖြစ်ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များကိုလည်း ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ အတည်ပြုထားတဲ့အမည်စာရင်းများအတိုင်း သာလိုက်နာဆောင်ရွက်ဖို့ ညွှန်ကြားသွားမှာဖြစ်ပါတယ်။ ဒီညွှန်ကြားချက်ပေါ်မူတည်ပြီးတော့

သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များကလည်း ဆက်လက်ပြီးတော့ ဒီညွှန်ကြားချက်အတိုင်း ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ အမိန့်တွေ၊ ညွှန်ကြားချက်တွေ ထုတ်ပြန်ပြီးဆောင်ရွက်ပြီးတော့၊ အကယ်၍ ဆောင်ရွက်ခြင်းမရှိရင်တော့ သက်ဆိုင်ရာတည်ဆဲဥပဒေ များပါအတိုင်းသာ ဆက်လက်ဆောင်ရွက်မှာဖြစ်ကြောင်း ပြန်လည်ဖြေရှင်းတင်ပြအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ရွှေပြည်သာမြို့ကဲ့သို့ နှစ်ပေါင်း ၂၅ နှစ်ကျော် ကြာမြင့်ခဲ့သည့်မြို့သစ်များတွင် ကွန်ကရစ်လမ်းခင်းပေး ရန်နှင့် အခြေခံလူတန်းစားနှင့် အလတ်တန်းစားများအတွက် မြို့သစ်များဖော်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

ဥက္ကဋ္ဌ။ ။ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါ တယ်။ လူ့ဘဝမှာနေထိုင်ရေးကိစ္စဟာ အလွန်အရေးကြီးတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီး သီးမှာရှိတဲ့ အစိုးရတိုင်းအနေနဲ့ ၎င်းတို့နိုင်ငံအတွင်းမှာရှိတဲ့ လုပ်သားပြည်သူတွေနေထိုင်မှု အဆင်ပြေ စေဖို့အတွက် မြို့ပြဖွံ့ဖြိုးတိုးတက်မှုအတွက် (City Development) နဲ့ပတ်သက်ပြီးတော့ စီမံကိန်း တွေကို အနှစ် ၂၀ ပတ်ဝန်းကျင်မှာ အနည်းဆုံးတစ်ကြိမ်လောက် ပြည်ထောင်စုအစိုးရရဲ့အစီအစဉ်နဲ့ မြို့သစ်တွေ ဖော်ထုတ်ခဲ့ကြပါတယ်။ ပြည်သူများကို နေထိုင်မှုအဆင်ပြေအောင် ဒီနည်းလမ်းနှင့် ဆောင်ရွက်ပေးတာကို တွေ့ရမှာဖြစ်ပါတယ်။ သို့ပါသော်လည်း လူဦးရေများပြားလွန်းတဲ့နိုင်ငံအနေနဲ့ ကတော့ ခြွင်းချက်အနေနဲ့ အခြေအနေမဲ့တွေ၊ ကျူးကျော်တိုးပွားတာတွေလည်း တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ၅၁ သန်းကျော်ရှိတဲ့ လူဦးရေမှာ များစွာသောလုပ်သားပြည်သူတွေဟာ နေထိုင်မှု အတွက် အခက်အခဲကြုံတွေ့နေရတဲ့အတွက် ကျူးကျော်အိမ်တွေပေါ်လာတယ်။ အခြေခံလူတန်းစား နှင့် လူလတ်တန်းစားတွေ အိမ်ရာနေထိုင်မှုရရှိဖို့လိုလာပါတယ်။ ဒီ့အတွက်ကြောင့် နိုင်ငံအတွင်းမှာ လှုပ်ရှားမှုတွေ၊ အငြင်းပွားမှုတွေ၊ တစ်နေ့တခြားလည်း တိုးပွားလာတာကို တွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးအနေနဲ့ ၁၉၈၉ ခုနှစ်ဝန်းကျင်မှာ ရွှေပြည်သာ၊ လှိုင်သာယာစတဲ့ မြို့သစ်တွေကို ဖော်ထုတ်ပြီးတဲ့နောက်ပိုင်းမှာ ယနေ့ နှစ်ပေါင်း ၂၅ နှစ်ကျော်လာတဲ့တိုင် မြို့သစ်စီမံကိန်းတွေ ပြည်ထောင်စုအစိုးရရဲ့အစီအစဉ်နဲ့ ထပ်မံဖော်ထုတ်ဆောင်ရွက်ခြင်း မရှိတာကိုလည်းတွေ့ရမှာဖြစ်ပါ တယ်။ နေထိုင်မှုအခက်အခဲဖြစ်နေတဲ့ပြည်သူတွေ အဆင်ပြေဖို့အတွက် မြို့သစ်တွေကို စနစ်တကျ

ဖော်ထုတ်ပြီး အမှန်တကယ်လိုအပ်တဲ့ပြည်သူတွေ နေရာချထားပေးနိုင်ဖို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ (၁) ပြည်သူတွေ မျှော်လင့်တောင့်တနေတဲ့ မြို့သစ်စီမံကိန်းတွေကို ပြည်ထောင်စုအစိုးရရဲ့ အစီအစဉ်နှင့် ဆောင်ရွက်ပေးဖို့ ရှိပါသလား။ (၂) အစီအစဉ်ရှိခဲ့ရင် အရင်တုန်းက ရွှေပြည်သာမှာ မြို့ဖော်ထုတ်စဉ်ကတည်းက အခြေခံလိုအပ်ချက်ဖြစ်တဲ့ လမ်းပေါင်း ၅၀၀ ကျော် ယနေ့အချိန်အထိ မြေသားလမ်းတွေ တိုးတက်မှုမရှိသေးပါဘူး။ ဒါတွေနဲ့ ပတ်သက်လို့ တာဝန်ရှိတဲ့ ယခင်ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ခင်းကျင်းပေးဖို့ အစီအစဉ်ရှိပါသလား။ လောလောဆယ် ရန်ကုန်တိုင်းဒေသကြီးအစိုးရရဲ့ ဘတ်ဂျက်နဲ့ လုံလောက်မှုမရှိနိုင်တာကို လည်းတွေ့ရပါတယ်။ (၃) အနေနဲ့တော့ မြို့သစ်ဖော်ထုတ်ဖို့ အစီအစဉ်ရှိခဲ့ရင် ကျွန်တော် တင်ပြသွားတဲ့ ပြည်သူတွေ အမှန်တကယ်ရဖို့အတွက် ဘယ်လိုအစီအစဉ်နဲ့ ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိပါသလဲ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အထူးဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံး သုခမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတင်မောင်ဦးမှ မေးမြန်းထားတဲ့ မေးခွန်းသုံးခုအား ဖြေကြားမှာဖြစ်ပါတယ်။ မေးခွန်းမှာ အဓိကအားဖြင့်တော့ ပြည်သူများရဲ့နေထိုင်ရေးကိစ္စကို လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသွားတဲ့အတွက် ဒါ အထူးကျေးဇူးတင်ရှိကြောင်းလည်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြန်လည်သုံးသပ်တဲ့အခါမှာ နိုင်ငံတကာမှာရှိတဲ့ မြို့ကြီးများဟာ လူဦးရေတိုးတက်များပြားလာသကဲ့သို့ မြန်မာနိုင်ငံမှာရှိတဲ့ မြို့ကြီးများလည်း လူဦးရေတိုးတက်များပြားလာတာကို တွေ့ရှိရပါတယ်။ အထူးသဖြင့် ရန်ကုန်မြို့မှာ လူဦးရေတိုးတက်များပြားလာတဲ့အတွက် ပြည်သူများ နေရေးထိုင်ရေး အခက်အခဲများကို သိရှိပါသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့မှာ နေပြည်တော်၌ ပြည်သူများနေထိုင်ရေး အဆင်ပြေစေရန်အတွက် နိုင်ငံတော်အဆင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးမူဝါဒနှင့် စီမံကိန်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို

ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီအစည်းအဝေးပွဲကို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် တက်ရောက်ခဲ့ပြီးတော့ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပါဝင်ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲ ဆုံးဖြတ်ချက်များအရ ပြည်သူများနေထိုင်မှုအဆင်ပြေစေရေးအတွက် အိမ်ရာစီမံကိန်းများ ဆောင်ရွက် လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ မေးခွန်း(၁)ဖြစ်တဲ့ ရွှေပြည်သာမြို့သစ်ကဲ့သို့ နှစ်ပေါင်း ၂၅ နှစ်ကျော် ကြာမြင့်ခဲ့တဲ့ မြို့သစ်များမှာ မြို့တွင်းလူသွားလမ်းများ ကွန်ကရစ်မခင်းနိုင်သေးခြင်းမှာ ပြည်သူများရဲ့ အလွန်လိုလားတောင်းတနေသောကိစ္စကို မဆောင်ရွက်နိုင်သေးခြင်းဖြစ်၍ ပြည်ထောင်စုအစိုးရမှ မဖြစ်မနေဆောင်ရွက်ပေးနိုင်ရေး အစီအစဉ်ရှိပါသလား မေးခွန်းနှင့်ပတ်သက်ပြီးတော့ ရန်ကုန်တိုင်း ဒေသကြီး၊ ရွှေပြည်သာမြို့သစ်အပါအဝင် နှစ်ပေါင်းများစွာကြာမြင့်လာပြီဖြစ်တဲ့ မြို့သစ်များမှာ မြို့တွင်းလူသွားလမ်းများကို မူလဂဝံလမ်းအဆင့်မှ ကွန်ကရစ်ခင်းလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက် ပေးရန်အတွက် ပြည်ထောင်စုအစိုးရရဲ့ ခွင့်ပြုငွေဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရရဲ့ ခွင့်ပြုငွေ ဖြင့်လည်းကောင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ အိမ်ရာစီမံကိန်းအစီအစဉ်ဖြင့်လည်း ကောင်း ကျွန်တော်တို့ စတင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရွှေပြည်သာမြို့နယ်အတွင်း မှာဆိုရင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်းမှာ ရပ်ကွက်အတွင်းလမ်း ၄၀ လမ်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ရပ်ကွက်အတွင်းလမ်း ၉၆ လမ်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရပ်ကွက်အတွင်း လမ်း ၁၄ လမ်း စုစုပေါင်းရပ်ကွက်အတွင်းလမ်းပေါင်း ၁၅၀ ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရပ်ကွက်အတွင်းလမ်း ၈၂ လမ်းကို ကွန်ကရစ်လမ်းဆောင်ရွက်ပေးရန် လျာထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ မေးခွန်း(၂)ဖြစ်တဲ့ အိမ်ငှားရမ်းနေထိုင်ရတဲ့ ပြည်သူများ၊ ကျူးကျော်တဲအိမ်ဖြင့်နေထိုင်ရသော အခြေခံလူတန်းစားများနှင့် လူလတ်တန်းစား ဝင်ငွေအသင့် အတင့်ရှိသူများ နေထိုင်မှုအဆင်ပြေစေရန်ရည်ရွယ်၍ အစိုးရပိုင်မြေနေရာများရှာဖွေပြီး မြို့ကွက်သစ် များတိုးချဲ့ဖောက်လုပ်ခြင်းစီမံကိန်းကို National Housing Policy နှင့် Urban Development Policy ရေးဆွဲဆောင်ရွက်လျက်ရှိပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအနေဖြင့် အိမ်ခန်းများ ဖော်ထုတ်လျက်ရှိရာ ဖော်ထုတ်ပြီးခဲ့သော အိမ်ခန်းအရေအတွက် ၂၀၆၄၂ ခန်းနှင့် ဆက်လက်ဖော်ထုတ်မယ့် အိမ်ခန်းအရေအတွက် ၃၈၀၄၁ ခန်း စုစုပေါင်း အိမ်ခန်းပေါင်း ၅၈၆၈၃ ခန်း ဆောင်ရွက်ထားရှိမှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်

ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ မေးခွန်း(၃)နှင့်ပတ်သက်ပြီး မြို့သစ်စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ပြည်သူကိုဗဟိုပြုသောနည်းစနစ်အရ ပြည်သူကိုကိုယ်စားပြုသော ရပ်ကွက်/ မြို့နယ်အဆင့် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများနှင့် စတင်ညှိနှိုင်းဆွေးနွေး သဘောတူညီမှု ရယူပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြေယာကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ရန် မူဝါဒချမှတ် ထားပြီးဖြစ်ပါတယ်။ ပြည်သူတို့ကိုယ်တိုင်ပါဝင်စီမံခန့်ခွဲ၍ မြို့သစ်စီမံကိန်းများကို တည်ဆောက်ကြရ မည်ဖြစ်ပါသဖြင့် အမှန်တကယ်လိုအပ်တဲ့ပြည်သူများ မြေကွက်နှင့် အိမ်ရာများရရှိစေရေး စနစ်တကျ ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါ တယ်ခင်ဗျား။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)။** ။ ကျွန်တော်တို့ ဝန်ကြီးဖြေသွားတဲ့ ပထမအချက် နဲ့ပတ်သက်လို့ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၁)နဲ့ (၂)မှာ ပြည်ထောင်စုအစိုးရသော် လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရသော်လည်းကောင်း မြို့သစ်များနှင့်ပတ်သက်ပြီး တော့ ဖော်ထုတ်ဖို့ ဥပဒေရေးဆွဲဆောင်ရွက်ခွင့်ရှိပါတယ်။ ဝန်ကြီးရဲ့ဖြေကြားချက်ထဲမှာ ကျွန်တော်တင်ပြတဲ့ မြို့သစ်စီမံကိန်းအကြောင်း ကျွန်တော် မေးခြင်းဖြစ်ပါတယ်။ လူနေတိုက်ခန်းများအကြောင်း မေးမြန်း ခြင်းမဟုတ်ပါဘူး။ ဒါကြောင့် ရွှေပြည်သာ၊ လှိုင်သာယာကဲ့သို့ နိုင်ငံတော်အစိုးရအနေနဲ့ မြို့သစ်များကို ဖော်ထုတ်ပြီးတော့ ယနေ့အခက်အခဲဖြစ်နေတဲ့ ဝန်ထမ်းတွေ၊ ပြည်သူတွေကို နေရာပေးဖို့ရှိလားဆိုတဲ့ မေးခွန်း ဖြေကြားမှုမပြည့်စုံတဲ့အတွက်ကြောင့် ဖြေကြားပေးဖို့ ပထမအချက်အနေနဲ့ တင်ပြလိုပါတယ်။ ဒုတိယမေးခွန်းနှင့်ပတ်သက်လို့ ဝန်ကြီးဖြေသွားတဲ့အထဲမှာ ပြည်ထောင်စုအစိုးရအနေနဲ့ ကျွန်တော်တို့ ရွှေပြည်သာမြို့ရဲ့ ယနေ့ ကျန်တဲ့လမ်းပေါင်း ၅၀၈ လမ်းကို ခင်းပေးမယ်လို့ဆိုပါတယ်။ ကျွန်တော်တို့မြို့ ဟာ နှစ်ပေါင်း ၂၅၊ ၃၀ လောက်ရှိပါပြီ။ အစိုးရလည်း ခြောက်ဆက်လောက် ပြောင်းခဲ့ပြီးပါပြီ။ လမ်းများ ရဖို့လည်း နည်းလမ်းစုံနဲ့ တောင်းခဲ့ပါတယ်။ သို့သော် ပြီးခဲ့တဲ့နှစ်လောက်က မှ ဆောက်လုပ်ရေးဝန်ကြီး ဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနကနေ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကို လွှဲပြောင်းခဲ့တဲ့မြို့ဖြစ်ပါတယ်။ ဒါကြောင့် ယခင်တုန်းက စတင်ဖော်ထုတ်ခဲ့တဲ့ ဝန်ကြီးဌာနအနေနဲ့ တာဝန်ရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ ခင်းပေးမယ်လို့ ကတိပေးခဲ့တဲ့ဥစ္စာသည် ကတိကဝတ်လိုချင် ပါတယ်။ ကျွန်တော်တို့ဖြစ်ချင်တာတော့ လာမယ့်ဘတ်ဂျက်မှာ ခင်းပေးနိုင်ခြင်းရှိ/မရှိ။ မရှိခဲ့ရင်လည်း ဘယ်ဘတ်ဂျက်မှာ ခင်းပေးမလဲဆိုတာကို အဖြေအတိတကျပြောကြားပေးဖို့ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတင်မောင်ဦးရဲ့ ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီးတော့ ပြန်လည်ဖြေကြားခွင့်ပြုပါခင်ဗျား။ ပထမမေးခွန်းဖြစ်တဲ့ နေထိုင်မှုနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့တင်ပြရရင် တတ်နိုင်သမျှ ပြည်ထောင်စုအစိုးရအနေနဲ့ ပြည်သူများ နေရေး၊ ထိုင်ရေးအဆင်ပြေစေဖို့ ရန်ကုန်တိုင်းဒေသကြီးတင်မဟုတ်ပါဘူး။ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးကို စီစဉ်လျက်ရှိပါတယ်။ အထူးသဖြင့်ကတော့ ရန်ကုန်တိုင်းက ပိုပြီးတော့အခက်အခဲဖြစ်နေတဲ့အတွက် ဒါကို ကျွန်တော်တို့ ဦးစားပေးပြီးဆောင်ရွက်လျက်ရှိတဲ့အခါမှာ ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း နေထိုင်မှုအတွက် အိမ်ခန်းပေါင်း ၅၀၀၀၀ ကျော်စီစဉ်ထားပြီးဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ ဆွေးနွေးပွဲကြီးမတိုင်ခင်မှာ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့မတိုင်ခင်က လျာထားချက်ဖြစ်ပါတယ်။ ဒီနောက်မှာ ကျွန်တော်တို့ ထပ်မံပြီးတော့ Planning တွေရေးဆွဲပြီးတော့ ထပ်မံဆောင်ရွက်နေတာလည်းဖြစ်တဲ့အတွက် အတတ်နိုင်ဆုံး ကျွန်တော်တို့အဆင်ပြေအောင် ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း တစ်နှစ်တည်းနဲ့ အပြီးမဟုတ်ပါဘူး။ နှစ်အလိုက် ကျွန်တော်တို့မှာ အနှစ် ၂၀ စီမံကိန်း၊ အနှစ် ၃၀ စီမံကိန်း စသဖြင့် ဒီလိုစီမံကိန်းတွေ ရေးဆွဲပြီးတော့ တိုးတက်လာမယ့်လူဦးရေအတွက်ကို မျှော်မှန်းပြီးတော့ ဆောင်ရွက်လျက်ရှိပါကြောင်း ပထမမေးခွန်းကို ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ လမ်းခင်းတဲ့ကိစ္စဖြစ်ပါတယ်။ လမ်းခင်းတဲ့ကိစ္စကလည်း ဒါ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတာ အမှန်တကယ်ပဲဖြစ်ပါတယ်။ နှစ် ၂၅ လောက်ဆိုတော့ လမ်းတွေရဲ့ သက်တမ်းကုန်ပြီးတော့ လမ်းတွေပျက်စီးနေတာ ကျွန်တော်တို့ကိုယ်တိုင်လည်း တွေ့ရှိရတာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့မူဝါဒအရ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနအနေနဲ့လည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အတိုင်း ကျွန်တော်တို့က ဒီကိစ္စတွေကိုဆောင်ရွက်ပြီးတာနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရများကို လွှဲပြောင်းပေးရတာဖြစ်တဲ့အတွက် ရန်ကုန်တိုင်းကို ကျွန်တော်တို့ လွှဲပြောင်းပေးပါတယ်။ သို့သော်လည်းပဲ ရန်ကုန်တိုင်းကလည်းပဲ သက်ဆိုင်ရာရရှိတဲ့ရန်ပုံငွေနဲ့ ဆောင်ရွက်တဲ့အခါမှာ လုံလောက်မှုမရှိဘဲနဲ့ ဒါ ကျွန်တော်တို့ အများကြီးကျန်နေတာဖြစ်ပါတယ်။ ဒီနှစ်ဆိုရင် သူတို့ ၈၂ လမ်း ဆောင်ရွက်ဖို့ လျာထားထားသော်လည်းပဲ လမ်းပေါင်းမြောက်မြားစွာ ကျန်ရှိဦးမယ်ဆိုတာ ကျွန်တော်တို့လည်း သိပါတယ်။ ဒီ့အတွက်ကိုလည်း နှစ်အလိုက် သူတို့က စီမံချက်ချပြီးတော့ ဆက်လက်ပြင်ဆင်သွားမှာဖြစ်ပါတယ်။ ဒီ့အပြင် ကျွန်တော်တို့ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနကလည်း ကျန်တဲ့လမ်းတွေကို လွှတ်တော်ကိုယ်စားလှယ်ကြီး

တင်ပြခဲ့တဲ့အတိုင်း ဝိုင်းဝန်းကူညီဆောင်ရွက်ပြီးတော့ ကျွန်တော်တို့ လမ်းခင်းပေးသွားမှာဖြစ်ပါကြောင်း လေးစားစွာ ဖြေရှင်းအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဒေါ်နန်းစေအွာ၊ ဘားအံမဲဆန္ဒနယ်က မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော အမျိုးသမီးများအား အကြမ်းဖက်မှုများ လျော့နည်းရေးအတွက် လိုအပ်လျက်ရှိသော အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဥပဒေတစ်ရပ်ကို အလျင်အမြန်ရေးဆွဲပေးနိုင်ရေး ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာက အဆိုတစ်ရပ် တင်သွင်းထားပါတယ်။ အဆိုတင်သွင်းဖို့ ဒေါ်နန်းစေအွာအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာဖြစ်ပါတယ်ရှင်။ ကျွန်မအနေဖြင့် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိတဲ့ အမျိုးသမီးများအား အကြမ်းဖက်မှုများ လျော့နည်းစေရေးအတွက် လိုအပ်လျက်ရှိသော အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဥပဒေတစ်ရပ်ကို အလျင်အမြန်ရေးဆွဲပေးနိုင်ရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်ရှင်။ ဒီအဆိုနှင့်ပတ်သက်ပြီးတော့ ရေးဆွဲရန်တိုက်တွန်းရခြင်းမှာ လွန်ခဲ့သော ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့ နေပြည်တော် သင်္ဂဟဟိုတယ်မှာ ဒီဥပဒေကို ရေးဆွဲနိုင်ရေးဆွေးနွေးခဲ့ကြပါတယ်။ သို့သော်လည်းပဲ တစ်နှစ်ကျော်လာတဲ့အခါမှာ ဒီဥပဒေကြမ်းဟာ လွှတ်တော်ထဲကို ရောက်ရှိလာခြင်းမရှိသေးပါဘူးရှင်။ ဒါကြောင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ကျင်းပခဲ့တဲ့ ၂၀၁၄ ခုနှစ် ဇူလိုင်လမှာ ဒီအဆိုကို တင်သွင်းခဲ့ခြင်း ဖြစ်ပါတယ်ရှင်။ ယခု ဒီအဆိုနဲ့ပတ်သက်ပြီးတော့ ဒီနေ့ဟာ ဆွေးနွေးခဲ့တဲ့ နှစ်နှစ်တင်းတင်းပြည့်မြောက်ခဲ့တဲ့နေ့ဆိုရင်လည်းမမှားပါဘူးရှင်။ ကျွန်မအနေနဲ့

ဒီဥပဒေဟာလည်းပဲ ဥပဒေကြမ်းအဖြစ်ကို ရေးဆွဲပြီးမြောက်ပြီလို့ ယူဆမိပါတယ်ရှင်။ ဒါကြောင့် ဒီဥပဒေကို ရေးဆွဲနိုင်ဖို့အတွက် ကျွန်မတို့ အဖွဲ့အစည်းဖြစ်တဲ့ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်တစ်ဦးအနေနဲ့ရော၊ ကျွန်မတို့ကော်မတီဥက္ကဋ္ဌရဲ့ ဦးဆောင်မှုကိုခံယူပြီး ဒီအဆိုကို တင်ပြရခြင်းဖြစ်ပါတယ်ရှင်။ ကျွန်မအနေဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းမှာရှိနေတဲ့ မြို့ပြကျေးလက်ပါမကျန် ဖြစ်ပွားလျက်ရှိတဲ့ အမျိုးသမီးများအပေါ် နည်းမျိုးစုံနဲ့ အကြမ်းဖက်မှုတွေကို လျော့နည်းလာစေရေး အတွက်ရည်ရွယ်ပြီး ယခုဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့မှာ နေပြည်တော်သင်္ဂဟဟိုတယ်မှာ ကျင်းပခဲ့တဲ့ အမျိုးသမီးများအား အကြမ်းဖက်မှုကာကွယ်စောင့်ရှောက်ရေးဥပဒေရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲမှာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွှတ်တော်ထဲကိုရောက်ရှိနေကြတဲ့ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနဲ့ ဥပဒေပညာရှင်များပူးပေါင်းပြီးတော့ ဆွေးနွေးတိုင်ပင်ခဲ့ကြပါတယ်။ သို့သော်လည်းပဲ လွှတ်တော်ထဲကို ဒီနှစ်အထိ တင်သွင်းလာခြင်းမရှိတဲ့အတွက်ကြောင့် ဒီဥပဒေကို တင်သွင်းလာနိုင်ဖို့အတွက် ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်များမှာလည်း တာဝန်ရှိတယ်လို့ ခံစားမိပါတယ်ရှင်။ ဒါကြောင့် ကျွန်မတို့နိုင်ငံမှာ ထက်ဝက်ကျော်သောအမျိုးသမီးထုအတွက် ဒီဥပဒေတစ်ခုကို တင်သွင်းနိုင်စွမ်းမရှိဘူးဆိုရင်လည်း ကျွန်မတို့လွှတ်တော်ထဲမှာရှိနေတဲ့ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအတွက် တာဝန်တစ်ခုပျက်ကွက်တယ်လို့ ခံစားမိတဲ့အတွက်ကြောင့် ဒီဥပဒေကို ရေးဆွဲနိုင်ဖို့ တိုက်တွန်းရခြင်းဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံအတွင်းဖြစ်ပွားနေတဲ့ ပဋိပက္ခတွေကို ပြန်လည်ပြီးတော့ သုံးသပ်မယ်ဆိုရင် အမျိုးသမီးများကို အကြမ်းဖက်မှု တစ်နည်းအားဖြင့် လိင်အကြမ်းဖက်မှုတွေကြောင့် မလိုလားအပ်တဲ့ လူမျိုးရေး၊ ဘာသာရေး၊ ပဋိပက္ခအသွင်ဆောင်တဲ့ဘက်ကို ပြောင်းသွားတာကိုတွေ့ရှိရပါတယ်ရှင်။ အလားတူပါပဲ အရွယ်မရောက်သေးတဲ့ မိန်းကလေးလူမမယ်တွေကို မကြားဝံ့၊ မနာသာတဲ့အကြမ်းဖက်မှုတွေ ဖြစ်ပွားနေကြောင်း နေ့စဉ်သတင်းစာ၊ ဂျာနယ်၊ မီဒီယာတွေမှာလည်းပဲ ဖတ်ရှုနေရပါတယ်ရှင်။ တစ်ဖန် ပြည်တွင်းစစ်တွေကြောင့် ရွှေ့ပြောင်းခံစခန်းတွေမှာ မိမိတို့ရဲ့အသက်ရှင်နေနိုင်ရေး ရုန်းကန်နေကြရတဲ့ အမျိုးသမီးများဟာ ဒီအကြမ်းဖက်မှုတွေကြောင့် ဘဝလုံခြုံမှုလုံးဝမရရှိကြပါဘူးရှင်။ အကြမ်းဖက်မှုများစွာထဲမှာမှ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေကြောင့်၊ လူကုန်ကူးမှုတွေကြောင့် အကြမ်းဖက်ခံရတဲ့ အမျိုးသမီးများဟာ မလိုလားအပ်တဲ့ ကိုယ်ဝန်ရှိခြင်း၊ မလိုလားအပ်တဲ့

ကူးစက်ရောဂါများခံစားရခြင်းနဲ့ စိတ်ရောဂါဝေဒနာခံစားရခြင်းတို့ကြောင့် လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းရဲ့ ရှောင်ကြဉ်ခြင်းကိုလည်း ခံရပါတယ်ရှင်။ အမျိုးသမီးများအား အကြမ်းဖက်မှုပြုလုပ်ခြင်းဟာ လူ့အခွင့်အရေးချိုးဖောက်ခြင်းသာမက ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရာမှာလည်း အခြေခံကျတဲ့ အတားအဆီးတစ်ခုဖြစ်နေတာကိုလည်း တွေ့ရှိရပါတယ်ရှင်။ ဘာကြောင့်လဲဆိုတော့ ဆင်းရဲတဲ့လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ ဒီအကြမ်းဖက်မှု ပိုမိုဖြစ်ပွားလျက်ရှိကြောင်း ဆွီဒင်နိုင်ငံ ဗဟိုဘဏ်က ခန့်မှန်းတွက်ချက်မှုအရ အမျိုးသမီးများ အကြမ်းဖက်မှုကြောင့် ဆုံးရှုံးမှုရဲ့ ပျမ်းမျှဟာ GDP ရဲ့ ခုနစ်ရာခိုင်နှုန်းရှိကြောင်းလည်း သိရှိရပါတယ်ရှင်။

ဒါကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီသစ်ကို တည်ဆောက်တဲ့အချိန်မှာ ပြုပြင်ပြောင်းလဲရေးအတွက် အမျိုးသားရင်ကြားစေ့ရေး ပြည်တွင်းငြိမ်းချမ်းရေးအတွက် ပျက်ပြားစေတဲ့၊ ပဋိပက္ခဖြစ်ပွားစေတဲ့ အကြမ်းဖက်မှုများ လျော့နည်းစေရေးအတွက် အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်စောင့်ရှောက်ရေး ဥပဒေတစ်ရပ်ကို အလျင်အမြန်ရေးဆွဲပေးနိုင်ရေး ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးစားစွာတင်သွင်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များရှင်။ ကျွန်မကတော့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းဖြစ်ပါတယ်ရှင်။ လူမှုဖွံ့ဖြိုးရေးကော်မတီဝင် သို့မဟုတ် အမျိုးသမီးအဖွဲ့ကော်မတီဝင်တစ်ဦးလည်း ဖြစ်ပါတယ်ရှင်။ ကျွန်မက ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ၏ အမျိုးသမီးများကို နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုကာကွယ်စောင့်ရှောက်ရေးဥပဒေကိုအမြန်ဆုံးရေးဆွဲပေးနိုင်ရန် တိုက်တွန်းကြောင်းအဆိုကို အလေးအနက်ထောက်ခံမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်စောင့်ရှောက်မှု အားနည်းခြင်းကြောင့် အမျိုးသမီးများ မုဒိမ်းကျင့်မှုခံရခြင်းနှင့်ပတ်သက်ပြီး ပြင်းပြင်းထန်ထန်အရေးယူဆောင်ရွက်ပေးပါရန်နှင့် ဒီလိုအမှုမျိုးကို သေဒဏ်အဖြစ်သတ်မှတ်ပေးပါရန် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းခဲ့သော်လည်း ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်းကို ကြယ်ပွင့်မပြဖြင့် ပြန်လည်ဖြေကြားခဲ့ပါတယ်။ အဖြေအပေါ်မှာ လုံးဝကျေနပ်မှုမရှိခဲ့ပါ။ ကျွန်မတို့အမျိုးသမီးများအပေါ် အကြမ်းဖက်မုဒိမ်းကျင့်မှုဟာ အမျိုးသမီးများ၏ဂုဏ်သိက္ခာကို ထိခိုက်ရုံသာမကဘဲ တစ်သက်လုံးအရှက်ကွဲ အကျိုးနည်းဘဝဖြစ်ရ

ခဲ့ပါတယ်။ အသက်ကို အသေမသတ်သော်လည်း အရှင်သတ်သလိုခံစားရပါတယ်။ တချို့ နေရာမှာလည်း အသက်ကိုတောင်မှ သတ်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ယင်းကိစ္စနဲ့ပတ်သက်ပြီး ကျွန်မတို့ ချင်းပြည်နယ် မတူပီမြို့နယ်မှာ ၂၀၁၄ ခုနှစ် ဇွန်လတုန်းက အိမ်ထောင်ရှင်မအမျိုးသမီးတစ်ဦးကို စစ်သားတစ်ဦးက အဓမ္မပြုကျင့်ရန် ကြံစည်မှုရှိခဲ့၍ မတူပီအမျိုးသမီးအဖွဲ့မှ ယင်းအမှုအပေါ် မကျေနပ်သဖြင့် စီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ခဲ့မှုကို တရားရုံးမှ တရားစွဲဒဏ်ငွေရိုက်ခဲ့တာကိုလည်း အများသိရှိခဲ့ပါတယ်။ ဤသို့ဖြင့် မြန်မာအမျိုးသမီးများမှာ အမျိုးမျိုးအကြမ်းဖက်ခံရပြီး ယခုလည်း ဘာသာရေးကိုအခြေခံပြီး အမျိုးသမီးများအတွက် ကာကွယ်စောင့်ရှောက်မယ့်အစား မလိုလားအပ်သော ဥပဒေများဖြင့် ချည်နှောင်ထားသလိုဖြစ်နေပါတယ်။ သို့ဖြစ်ပါသောကြောင့် ကျွန်မတို့ ပထမဦးဆုံး အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်နိုင်သည့်ဥပဒေကို အမြန်ဆုံးရေးဆွဲပေးပါရန်အဆိုကို အလေးအနက် ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ အဆိုနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ် ဘားအံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာရဲ့ အဆိုနဲ့စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ အကြမ်းဖက်မှု (Terrorism) ဆိုသည်မှာ အများပြည်သူရဲ့ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အဆောက်အအုံကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများနှင့် အကြမ်းဖက်ရန် ရည်ရွယ်ချက်ဖြင့် အများပြည်သူရဲ့ ကျန်းမာရေးကိုဖြစ်စေ၊ ဘေးကင်းရေးကိုဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ကိုဖြစ်စေ ဆိုးရွားစွာထိခိုက်စေသည့် ပြုလုပ်မှုများဖြစ်ပါတယ်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုသည်မှာ မိသားစုအတွင်း၊ လူမှုအသိုင်းအဝိုင်းအတွင်းနှင့် လုပ်ငန်းခွင်အတွင်းဖြစ်စေ၊ လုပ်ငန်းခွင်ပြင်ပတွင်ဖြစ်စေ မည်သူမဆို တစ်ဦးတစ်ယောက်ချင်းသို့မဟုတ် အုပ်စုဖွဲ့၍ အမျိုးသမီးတစ်ဦး သို့မဟုတ် အမျိုးသမီးများရဲ့ အကြမ်းဖက်ခံရရန် အန္တရာယ်

မူကြမ်း

ဖြစ်လွယ်ခြင်းကို အကြောင်းပြုလျက် ထိုအမျိုးသမီးများအပေါ် ရုပ်ခန္ဓာပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ၊ အကျိုးစီးပွားဆိုင်ရာတို့ကို ထိခိုက်နစ်နာအောင် ပြုလုပ်သည့် ဥပဒေနှင့်မညီသော လုပ်ရပ်များကို ဆိုလိုခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ အမျိုးသမီးများရဲ့ မူလ အခွင့်အရေးနဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ မဖြစ်ပွားစေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများဖြင့် အကာအကွယ်ပေး ဆောင်ရွက်လျက်ရှိပါတယ်။

အမျိုးသမီးများရဲ့ မူလအခွင့်အရေးများနဲ့ပတ်သက်ပြီး လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား/အမျိုးသမီး၊ ဆင်းရဲ/ချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၈ တွင်လည်းကောင်း၊ တူညီသော အလုပ်အတွက် အခွင့်အရေးနှင့်လစာတို့ကို အမျိုးသားများနှင့် တန်းတူခံစားခွင့်ရရှိရေးအား ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၅၀ တွင်လည်းကောင်း ပြဋ္ဌာန်းထားရှိပြီးလည်း ဖြစ်ပါတယ်။ အမျိုးသမီးများ အပေါ် ကာယိန္ဒြေနှင့် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှုမပြုရန်အတွက် ပြစ်မှုဆိုင်ရာဥပဒေ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးတို့တွင် ပြစ်မှုအမျိုးအစားအလိုက် အကာအကွယ် ပေးထားပါသည်။ အနိမ့်ဆုံးပြစ်မှုဖြစ်သည့် မိန်းမကာယိန္ဒြေကိုစော်ကားရန် ရည်ရွယ်သောစကားနှင့် ကိုယ်အမူအရာတို့ဖြင့် ကျူးလွန်ပါက ထောင်ဒဏ်တစ်နှစ်အထိ ချမှတ်နိုင်ပြီး အများဆုံး ပြစ်မှုများ ဖြစ်တဲ့ မုဒိမ်းမှု၊ အတင်းအဓမ္မထိမ်းမြားပေးစားရန် သွေးဆောင်ခိုးယူမှု၊ ၁၈ နှစ်အောက် မိန်းမကို ပြည့်တန်ဆာအဖြစ် ရောင်းချခြင်း/လွှဲပြောင်းခြင်း၊ ဝယ်ယူခြင်း/လက်ခံခြင်းပြုလုပ်မှုတို့ အပြင် လူကုန်ကူးမှုကိုကျူးလွန်ပါက ထောင်ဒဏ် ၁၀ နှစ်မှ တစ်သက်တစ်ကျွန်းအထိ ချမှတ်နိုင်ကြောင်း လည်း ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။

၎င်းအပြင် မိန်းမတစ်ဦးအပေါ် မုဒိမ်းကျင့်ရန် အကြံအစည်နှင့်သော်လည်းကောင်း၊ ကာမရာဂ စိတ်ကို ဓမ္မတာအတိုင်းမဟုတ်ဘဲ ရောင့်ရဲအောင်ပြုလုပ်ရန် အကြံအစည်နှင့်သော်လည်းကောင်း၊ လူကိုခိုးယူရန် အကြံနှင့်သော်လည်းကောင်း၊ သွေးဆောင်ခေါ်ယူရန်အကြံနှင့်သော်လည်းကောင်း လက်ရောက်မှုကျူးလွန်ပါက ထိုသူကို သေသည်အထိ မိမိအလိုအလျောက်ပြုလုပ်၍ ကာကွယ်ခုခံပိုင်ခွင့်ရှိသည်ဟု ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၀ တွင်လည်း ပြဋ္ဌာန်းပေးထားပြီး ဖြစ်ပါသည်။ အမျိုးသမီး ရေးရာကိစ္စရပ်များကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အမျိုးသမီးများအား

နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (UNCEDAW) ကိုလည်း ၁၉၉၇ ခုနှစ်မှာ သဘောတူလက်မှတ်ရေးထိုးထားပြီး ဖြစ်ပါတယ်။

ဒါ့အပြင် လူမှုစီးပွားအခြေအနေများ၊ ယဉ်ကျေးမှုဆိုင်ရာ ရှေးရိုးစွဲအယူအဆ သို့မဟုတ် ပဋိပက္ခများကြောင့် မတရားစော်ကားခံရမှုများမှ ကာကွယ်စောင့်ရှောက်နိုင်ရန်၊ လိင်မှုဆိုင်ရာနှင့် ကျား/မရေးရာ အခြေခံအကြမ်းဖက်မှုများအား တားဆီးကာကွယ်နိုင်ရန် စတဲ့ရည်ရွယ်ချက်များနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်တဲ့ ကျား/မတန်းတူညီမျှမှုကွန်ရက်မှ ကိုယ်စားလှယ်များ၊ (United Nations Gender Theme Group) UNGTG မှ ကိုယ်စားလှယ်များ ပါဝင်တဲ့ ဦးဆောင်ကော်မတီ၊ ဥပဒေကြမ်းရေးဆွဲရေးဆိုင်ရာ လုပ်ငန်းကော်မတီနဲ့ နည်းပညာဆိုင်ရာအကြံပေးကော်မတီ စတဲ့ကော်မတီ သုံးရပ်ကို ဖွဲ့စည်းပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေကြမ်းကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့အထိ အစည်းအဝေး ခုနစ်ကြိမ် ကျင်းပပြုလုပ်ပြီး အခန်း (၁၁) အထိ ရေးဆွဲဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသမီးများရဲ့ မူလအခွင့်အရေးနဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများမဖြစ်ပွားစေရေးအတွက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများဖြင့် အကာအကွယ်ပေးထားပြီးဖြစ်သော်လည်း လူမှုစီးပွားရေးအခြေအနေများ၊ ယဉ်ကျေးမှုဆိုင်ရာရှေးရိုးစွဲအယူအဆများ သို့မဟုတ် ပဋိပက္ခများကြောင့် မတရားစော်ကားခံရမှုများမှ ကာကွယ်စောင့်ရှောက်နိုင်ရန်၊ လိင်မှုဆိုင်ရာ ကျား/မရေးရာအခြေခံအကြမ်းဖက်မှုများအား တားဆီးကာကွယ်နိုင်ရန် စတဲ့ရည်ရွယ်ချက်များနဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေကြမ်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကော်မတီများဖွဲ့စည်းရေးဆွဲဆောင်ရွက်လျက်ရှိတဲ့အတွက် ယင်းအဆိုအား မှတ်တမ်းတင်ထားရှိသင့်ပါကြောင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ကို ခံယူသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုရှင် ဒေါ်နန်းစေအွာရဲ့ သဘောထားပြောပါ။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)။** ။ ကျွန်မရဲ့အဆိုကို မှတ်တမ်းတင်ဖို့ထက် ကျွန်မထင်တယ်၊ ဒီဥပဒေကို ခုနက ဝန်ကြီးကပြောသွားပါတယ်။ အခန်း(၁၁)အထိပြီးနေပြီလို့ ပြောပါတယ်။

**မူကြမ်း**

ဒီဥပဒေကို အခန်းဘယ်ထိဆွဲဖို့ စီစဉ်ထားပါသလဲ။ တကယ်လို့များ ကျွန်မတို့ရဲ့ လွှတ်တော်သက်တမ်းအတွင်းမှာပဲ ဒီဥပဒေကို ရေးဆွဲနိုင်မှုမရှိဘူးဆိုရင်တော့ ကျွန်မနေနဲ့ ဒီလွှတ်တော်ထဲကို ရောက်ရှိနေကြတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးဟာ အမျိုးသမီးနဲ့ မကင်းကြပါဘူး။ အထူးသဖြင့် လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးရဲ့ မိခင်၊ ဇနီးမယား၊ အစ်မ၊ ညီအစ်မ၊ သမီးတွေကလည်းပဲ အမျိုးသမီးတွေပါ။ ကျွန်မတို့ တစ်ကမ္ဘာလုံးမှာရှိတဲ့ အမျိုးသမီးတွေကို ရည်ညွှန်းတာပါ။ ကျွန်မတို့နိုင်ငံအတွင်းမှာ ဒီအမျိုးသမီးတွေအတွက် လိုအပ်ပါတယ်လို့ ကာကွယ်ဖို့အတွက် ဒီဥပဒေလေးတစ်ခုကို ရေးဆွဲဖို့ မှတ်တမ်းထဲမှာပဲထားမှာလား။ ဒီဥပဒေကို အခန်းဘယ်လောက်ထိရေးဆွဲမှာလဲဆိုတာ ကျွန်မသိချင်ပါတယ်။ တကယ်လို့ အခန်းက အခုထိမပြီးမြောက်သေးဘူးဆိုရင် အခုရောက်ရှိလာတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးဟာ ကျွန်မထင်တယ်။ ခုနက ကျွန်မတို့ရဲ့ဥပဒေ ထွက်လာဖို့အတွက် ထောက်ခံပေးလိမ့်မယ်လို့ ကျွန်မယူဆပါတယ်။ ဒါ့ကြောင့်မို့ ကျွန်မအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ သဘောထားကို ကျွန်မခံယူချင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ။** ။ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ရှင်းလင်းလိုက ထရှင်းလင်းနိုင်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ထပ်မံဆွေးနွေးသလိုပါပဲ။ ကျွန်တော်တို့ ဒီအမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ တားဆီးကာကွယ်ရေးဥပဒေကြမ်းကို ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်တဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၊ နောက်ကျွန်တော်တို့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ လူမှုရေးအဖွဲ့အစည်းတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်တွေ ပါဝင်ဆွေးနွေးပြီးတော့ ဆောင်ရွက်နေတဲ့ဥပဒေကြမ်းတစ်ခုဖြစ်ပါတယ်။ ဥပဒေပညာရှင်များလည်း ဘက်ပေါင်းစုံကနေပြီးတော့ နိုင်ငံတကာမှာဖြစ်ပေါ်နေတဲ့အခြေအနေများ၊ ကျွန်တော်တို့ ပြည်တွင်းမှာဖြစ်ပေါ်နေတဲ့အခြေအနေများအပေါ်အခြေခံပြီး ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ဒါလည်း ခုနက ကျွန်တော်တင်ပြသလိုပဲ ၂၀၁၃ ခုနှစ် နိုဝင်ဘာလကနေ စဆွဲတာ၊ ကျွန်တော်တို့ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့ထိကတော့ ခုနက ကျွန်တော်ဆွေးနွေးခဲ့သလို အစည်းအဝေး ခုနစ်ကြိမ်ပြုလုပ်ပြီးတော့ အခန်း(၁၁)အထိ ရောက်နေပြီဖြစ်ပါတယ်။ ဒါလည်း ဒီလိုအချိန်ယူပြီး ဆောင်ရွက်တယ်ဆိုတာ ဥပဒေတစ်ခုဆိုတာဟာ လွှတ်တော်ကိုယ်စားလှယ်များအဖို့ အသိပဲဖြစ်ပါတယ်။ ဥပဒေပညာရှင်များဆို ထဲထဲဝင်ဝင်ပိုသိမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီဥပဒေကို ခိုင်ခိုင်မာမာနဲ့

ကျင့်သုံးနိုင်အောင်အတွက်ကို ကျွန်တော်တို့ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် အခန်းဘယ်လောက်ထိ ဆွဲမယ်ဆိုတာတော့ သက်ဆိုင်ရာပညာရှင်များပဲ သိမှာဖြစ်ပါတယ်။ နောက် သက်ဆိုင်ရာဝန်ကြီးဌာန ကပဲ သိမှာဖြစ်ပါတယ်။ နောက်ပူးပေါင်းပါဝင်ဆောင်ရွက်တဲ့ အဖွဲ့အစည်းများပေါ်မူတည်ပြီးတော့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဘယ်အချိန်ပြီးမှာဆိုတာလဲ ဒီအဖွဲ့အစည်းကပဲ သိမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဦးဆောင်တဲ့ကော်မတီ၊ ဝန်ကြီးဌာနရဲ့ ကိုယ်စား လာရောက်ဖြေကြားခြင်း လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဒီမှာလည်း အခန်းကဏ္ဍအရ လူကုန်ကူးမှု ဆိုင်ရာကိစ္စတွေ၊ အခြားအကြမ်းဖက်မှုဆိုင်ရာကိစ္စတွေ ပါဝင်တာဖြစ်တဲ့အတွက် ဦးဆောင်ဆောင်ရွက် တာကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးတာကို ပြန်ပြီးတော့ နိဂုံးချုပ်တင်ပြရရင်တော့ ဘယ် အချိန်ပြီးမယ်ဆိုတာကို ကျွန်တော်တို့ မပြောနိုင်ပါဘူး။ ဘယ်အခန်းအထိဆောင်ရွက်မယ်ဆိုတာလည်း သက်ဆိုင်ရာဆွေးနွေးကြတဲ့ ကျွန်တော်တို့ ဒီပူးပေါင်းပါဝင်တဲ့အဖွဲ့တွေရဲ့ ဒီအကြံပြုချက်အပေါ် ဆွေးနွေးချက်များပေါ်မူတည်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ ဒီရဲ့ အမျိုးသမီးများအား အကြမ်းဖက်မှု ကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းကို ရေးဆွဲနေတာ တစ်နှစ်ကျော်နေပါပြီရှင့်။ ဒီဟာ ရေးဆွဲနေ တဲ့အချိန်ကိုရော၊ နောက်ပြီးရေးဆွဲနေတဲ့ အတိုင်းအတာကာလကိုရော၊ ကျွန်မတို့က သိပါတယ်ရှင့်။ အခုအနေအထားက ရေးဆွဲနေတာကြာတဲ့အတွက်ကြောင့် ကျွန်မတို့ လွှတ်တော်ကို အလျင်အမြန် တင်သွင်းဖို့ လိုအပ်နေတာပါ။ အဲ့ဒါကြောင့် ကျွန်မဒီအဆိုမှာ ထပ်ပြီးတော့ ဖြည့်ချင်တာက အမျိုး သမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဥပဒေတစ်ရပ်ကို အလျင်အမြန်ရေးဆွဲ၍ လွှတ်တော်သို့ ဆောလျင်စွာတင်သွင်းပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း ဆိုပြီးတော့ အဆိုကို နောက်ထပ်ဖြည့်စွက်ချင်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ဒီထဲမှာလည်း ဒေါ်နန်းစေအွာတင်သွင်းတဲ့အဆိုထဲမှာလည်း အခု ဒေါ်နန်းဝါနု တင်ပြတဲ့အဓိပ္ပါယ်ပေါက်ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းက လည်း ဒီဥပဒေကြမ်းကို တာဝန်ယူရေးဆွဲတဲ့ အဖွဲ့အစည်းမဟုတ်ပါဘူး၊ ဌာနမဟုတ်ပါဘူး။ ဒါကြောင့် မို့လို့ ဘယ်တော့ပြီးမလဲ၊ အခန်းဘယ်လောက်အထိပြီးမလဲဆိုတာကို မဖြေကြားနိုင်ကြောင်း တင်ပြ သွားပါတယ်။ ဒါကြောင့် ဒေါ်နန်းစေအွာကလည်း ဒါကိုလွှတ်တော်ရဲ့ အဆုံးအဖြတ်ခံယူမှာလို့ပြောတဲ့ အတွက် လွှတ်တော်ရဲ့အဆုံးအဖြတ်ခံယူနိုင်အောင်ပဲ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားပါမယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်နန်းစေအွာ၊ ဘားအံမဲဆန္ဒနယ်က မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော အမျိုးသမီးများအား အကြမ်းဖက်မှုများလျော့နည်းရေး အတွက် လိုအပ်လျက်ရှိသော အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဥပဒေ တစ်ရပ်ကိုအလျင်အမြန် ရေးဆွဲပေးနိုင်ရေး ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်းနှင့် စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲ ပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ ၂၇၈ ဦး၊ ကန့်ကွက် ၇ ဦး၊ ကြားနေ ၂၃ ဦး။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ဒေါ်နန်းစေအွာ တင်သွင်းတဲ့ မြန်မာနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော အမျိုးသမီးများအား အကြမ်းဖက်မှုများလျော့နည်းရေးအတွက် လိုအပ်လျက်ရှိသော အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဥပဒေတစ်ရပ်ကို အလျင်အမြန်ရေးဆွဲပေးနိုင်ရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော ၁၉၉၇ ခုနှစ်၊ မီးသတ် တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ၂၃-၁-၂၀၁၅ ရက်နေ့တွင် လက်ခံ ရရှိကြောင်း အသိပေးခြင်းနဲ့ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက် အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၈-၁-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်း ပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် ၁၉၉၇ ခုနှစ် မီးသတ်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်း၍ အသစ်

ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်းနဲ့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဒသမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။(သြဘာသံများ)

အချိန်၊ ၁၁း၁၅။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၁း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]

မူကြမ်း